# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 15, 2025 | Volume 94, Number 11


**၁၅. ၉.၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၄.၃၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၇.၅၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၅၂.၂၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၉.၂၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၈၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၃၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၉.၄၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၇၈ ကျပ် |

## CONTACT US


ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


# ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၃၇၀၀ ကျော်တင်ပို့နိုင်ခဲ့



မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပုစွန်တင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၃၇၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၈၅ သန်းရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

"၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်ကနေ ဩဂုတ်လ ၃၁ ရက်အထိ ငါးလတာကာလအတွင်း ပြည်ပကိုပုစွန်တင်ပို့မှုအနေနဲ့ မက်ထရစ်တန် ၃၇၄၀ ဒသမ ၅၅၃ တန်တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၈၅ သန်းရရှိခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါငါးလတာကာလအတွင်း ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၃၃၅၆ ဒသမ ၀၁၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၇၁ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၃၈၄ ဒသမ ၅၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၁၄ သန်းရရှိသည့်အတွက် ပြည်ပသို့ပုစွန်တင်ပို့မှု စုစုပေါင်းမက်ထရစ်တန် ၃၇၄၀ ဒသမ ၅၅၃ တန်တင်ပို့ပြီးအမေရိကန်ဒေါ်လာ ၁၀ဒသမ၄၈၅ သန်းရရှိထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့်ရေထွက်ကုန်များကို တရုတ် ၊ ထိုင်း ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှ

တစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ငါးလတာကာလ အတွင်း ပြည်ပ သို့ ရေထွက်ကုန်စုစုပေါင်း မက်ထရစ် တန် ၁၅၃၉၂၆ ဒသမ ၃၃၉ တန် တင်ပို့ခဲ့ပြီး အမေရိကန် ဒေါ်လာ ၂၂၃ ဒသမ ၄၃၆ သန်း ရရှိထားကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ပြည်ပသို့ဆန်တင်ပို့မှု အောက်တိုဘာကစပြီး တိုးမြှင့်မည်




ယခုနှစ် အောက်တိုဘာကစပြီး ၂၀၂၆ ခုနှစ်၊ မတ်လအထိ ဆန်တန်ချိန် ၃ သိန်း တင်ပို့နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေတယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ပါတယ်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေနဲ့အခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလကနေ သြဂုတ်လကုန်ထိ တစ်လကို ဆန်တန်ချိန် ၂ သိန်း ပုံမှန်တင်ပို့နေပြီး အခုစက်တင်ဘာလမှာ တန်ချိန် ၂ သိန်း၊ လာမဲ့ အောက်တိုဘာလကစပြီး ၂၀၂၆ ခုနှစ် မတ်လထိ တန်ချိန် ၃ သိန်း တိုးမြှင့် တင်ပို့နိုင်ဖို့ ဆောင်ရွက်နေတာလို့ ဆိုပါတယ်။

ဆန်တင်ပို့ရာမှာတော့ ဘင်္ဂလားဒေ့ရှ်နဲ့ တရုတ်နိုင်ငံတို့ကိုတင်ပို့ရောင်းချနိုင်ရေးကိုလည်း ဦးစားပေးဆောင်ရွက်နေတယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။အခုနှစ်၊ မိုးစပါးရာသီ ကောက်စောစပါးဟာ အနည်းငယ် စတင်ပေါ်ထွက်နေပြီး ဒေသအချို့မှာ ဆန်၊ စပါး ဝယ်လိုအား ကျဆင်းနေပြီး ဈေးနှုန်းတွေလည်း ကျဆင်းနေပါတယ်။ အဲဒါကြောင့် စပါးစိုက်တောင်သူတွေ စိုးရိမ်ပူပန်နေရပြီး ဝင်ငွေထိခိုက်နိုင်တယ်လို့ သုံးသပ်တင်ပြချက်တွေပေါ်ထွက်နေတယ်လို့လည်း ထုတ်ပြန်ချက်မှာ ပါရှိပါတယ်။

လက်ရှိမှာ နိုင်ငံတကာ ဆန်ဈေးနှုန်းတွေ ကျဆင်းခဲ့ပေမဲ့ အခုဈေးထက် ထပ်မံကျဆင်းဖို့ မဖြစ်နိုင်တော့ဘူးလို့ နိုင်ငံတကာဈေးကွက်ကျွမ်းကျင်သူတွေက သုံးသပ်ထားကြတယ်လို့ ထုတ်ပြန်ချက်အရ သိရပါတယ်။

ဒါကြောင့်လည်း ဆန်တင်ပို့နေတဲ့ ကုမ္ပဏီကြီးတွေအနေနဲ့ မိမိတို့ရဲ့ ပုံမှန်ဝယ်ယူနေတဲ့ဒေသတွေက နယ်စက်ပိုင်၊ နယ်ကုန်သည်တွေနဲ့ ချိတ်ဆက်ပြီး တောင်သူတွေဆီက ဆန်၊ စပါး ဝယ်ယူမှုတွေကို အင်တိုက်၊ အားတိုက်ဆောင် ရွက်ပြီး ဈေးကွက်ဝယ်လိုအားကို မြှင့်တင်ပေးဖို့နဲ့ ဝယ်ယူမှု၊ ဝယ်ယူပြီးစီးမှု အပေါ် သယ်ယူပို့ဆောင်မှု၊ ဆန်ကြိတ်ခွဲမှု၊ ပြည်ပတင်ပို့မှု စတဲ့ ကိစ္စရပ်တွေအပေါ် ငွေကြေး (ဒါမှမဟုတ်) လုပ်ငန်းအခက်အခဲတွေဖြစ်ပေါ်ရင် အသင်းချုပ်ကို အချိန်နဲ့အညီ ချိတ်ဆက်တင်ပြပေးဖို့ကိုလည်း ထုတ်ပြန်ထားပါတယ်။

**Source :** https://onenewstvchannel.com/

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများ စတင်နုတ်သိမ်း



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများ ရာသီဥတုကောင်းမွန်မှုကြောင့် အောင်မြင်ဖြစ်ထွန်းပြီး နုတ်သိမ်းခြွေလှေ့ချိန် ရောက်ရှိလာပြီဖြစ်၍ သြဂုတ်လ ဒုတိယပတ်မှစတင်နုတ်သိမ်းရာ တစ်ဧကလျှင် ၅၅ ဒသ မ ၄၂ တင်း

ခန့်ထွက်ရှိ ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုး ရာသီတွင် ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန် မြေပဲ ၅၂၆၇ ဧက စိုက်ပျိုး ခဲ့ကြောင်း၊ အဆိုပါ မြေပဲစိုက်ခင်းများကို တောင်သူများက ယခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်နုတ်သိမ်းရာ လက်ရှိ အချိန်ထိ ၃၈၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၅ ဒသမ ၄၂ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူ မြို့နယ်အတွင်း မြေပဲ ၃၆၁၉ ဧက လျာထား စိုက်ပျိုးခဲ့ရာမှာ ၅၂၆၇ ဧက စိုက်ပျိုးနိုင်ပြီး သတ်မှတ်လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ အရင်စိုက်ပျိုးနိုင်ခဲ့တဲ့ မြေပဲစိုက်ခင်းတွေ နုတ်သိမ်းခြွေလှေ့ချိန် ရောက်ပြီဖြစ်လို့ တောင်သူတွေက ဩဂုတ်လ ဒုတိယပတ်လောက်က စတင်နုတ်သိမ်းခဲ့ပါတယ်။ လက်ရှိမှာ ၃၈၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ဒီနှစ်ရာသီဥတုကောင်းမွန်တာကြောင့် မြေပဲစိုက်ခင်းတွေ အောင်မြင် ဖြစ်ထွန်းပြီး အထွက်နှုန်းလည်းကောင်းပါတယ်။ တစ်ဧကကို မြေပဲ ၅၅ ဒသမ ၄၂ တင်းနှုန်း ထွက်ရှိပါတယ်။ မြေပဲနုတ်သိမ်းတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းလျော့နည်းမှုမဖြစ်အောင် အချိန်မီ နုတ်သိမ်းခြွေလှေ့နည်းပညာနဲ့ နုတ်သိမ်းပြီးမြေပဲတွေ အရည်အသွေးကောင်းမွန်အောင် စနစ်တကျထားသိုသိမ်းဆည်းတတ်စေဖို့ နည်းပညာပေးတာတွေ ဆောင်ရွက်ပေးထားပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုး ရာသီတွင် မြို့နယ်အတွင်းရှိ မြေပဲ စိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီး ဌာနမှ ဝန်ထမ်းများက ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါ ကင်းရှင်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

မြေပဲကို အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး တောင်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်၍ မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ပဲခူးတိုင်းဒေသကြီးအတွင်းမှထုတ်သည့် MSMEs ပစ္စည်းများ အရောင်းပြပွဲ/ပြိုင်ပွဲကို သီတင်းကျွတ်ပွဲနှင့်အတူ ကျင်းပမည်




ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူး၍ တိုင်းဒေသကြီးအတွင်းထုတ်လုပ်သည့် MSMEs လယ်ယာသုံး စက်ကိရိယာပစ္စည်းများ၊ ထုတ်ကုန်အရောင်းပြပွဲ/ပြိုင်ပွဲ ကိုပြုလုပ်သွားမည်ဖြစ်ပြီး ပါဝင်ဆင်နွှဲရန် ဖိတ်ခေါ်ထားသည်။

အဆိုပါ ပွဲအပါအဝင် မြန်မာ့ရိုးရာယဉ်ကျေးမှု သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် MSMEs ဈေးရောင်းပွဲတော်အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၁၀ ရက်အထိ ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီးရှေ့ ယာဉ်ရပ်နားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပွဲတော်ရက်အတွင်း အရောင်းဆိုင်ခန်းများအပြင် သီတင်းကျွတ်လပြည့်နေ့၌ ပွဲတော်လာ ဧည့်ပရိသတ် ၁၅,၀၀၀ အား စတုဒိသာကျွေးမွေးမှုများ၊ ရုပ်ရှင်၊သဘင်၊ ဂီတနယ်ပယ်မှ ထင်ရှားကျော်ကြားသည့် အနုပညာရှင်များ၏ စင်တင်နှင့် ဇာတ်သဘင် ဖျော်ဖြေမှုများကိုပါ ထည့်သွင်းကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပဲခူးမြစ်အတွင်း မီးမျှောပွဲနှင့် ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီများတွင် ဆီမီး (၁၀,၀၀၀)ထွန်းညှိခြင်း၊ မြို့တွင်း လမ်းတလျှောက်နှင့် အများပြည်သူဆိုင်ရာ ပန်းခြံများတွင် မီးအလှဆင် အရုပ်များနှင့် ရောင်စုံမီးပုံးများ ချိတ်ဆွဲ ပြသထားခြင်း၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည့်အတွက် ရပ်ဝေးရပ်နီးမှ ပဲခူးမြို့သူ/ မြို့သားများနှင့် အများပြည်သူ မည်သူမဆို လွတ်လပ်ပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း ပွဲတော်ဖြစ်မြောက်ရေး ဦးစီးကော်မတီမှ ဖိတ်ခေါ်ထားသည်။

**Source : Popular News Journal**

## သီတင်းကျွတ်အခါနားနီး၍ကန်တော့ကြိမ်ခြင်းများအမှာများနေဟုဆို



သီတင်းကျွတ်အခါနားနီးလာသည့်အတွက် ကန်တော့ကြိမ်ခြင်းများ ပြုလုပ်သူများတွင် ယခင်ထက် အမှာများနေကြောင်း ကြိမ်အသုံးဆောင်ပစ္စည်း ပြုလုပ်သူများထံမှသိရပါတယ်။

"လာမဲ့သီတင်းကျွတ်၊ တန်ဆောင်မုန်းအထိပေါ့ ကန်တော့ခြင်းပြုလုပ်ရောင်းချမဲ့သူတွေဆီ အခုကတည်းက ကန်တော့ပစ္စည်းထည့်မဲ့ခြင်း ဆိုက်မျိုးစုံ အမှာများနေတော့ လုပ်နေရတာအများကြီးပေါ့။ နေပြည်တော်တွင်း ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ သပြေကုန်း၊ ပုဗ္ဗစတဲ့မြို့ပေါ်က စတိုးဆိုင်ကြီးတွေ၊ သစ်သီးဆိုင်၊ ဆေးဆိုင်တွေက ဆိုက်အကြီးအသေးအလတ် သူတို့လိုချင်တဲ့ အရွယ်အစားအတိုင်းလုပ်ပေးရတယ်"ဟု ပျဉ်းမနားမြို့မှ ကြိမ်အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ရောင်းချသူတစ်ဦးမှ ပြောပါတယ်။

အရွယ်အစားနှင့်ခြင်းပုံသဏ္ဍာန်ပေါ်မူတည်၍ တစ်ခုခြင်းစီငွေကျပ် ၈၀၀၀၊ ၇၅၀၀၊ ၆၅၀၀၊ ၅၀၀၀၊ ၃၅၀၀၊ ၂၅၀၀ အထိ ရောင်းရပြီး၊ သီတင်းကျွတ်ကန်တော့ရာသီတွင် အမှာပိုများပြီး တွင်ကျယ်စွာလုပ်ကိုင်ရကြောင်း သိရပါတယ်။

**Source:** https://opinionleadersmedia.com/

## ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ အထင်ကရကုန်သွယ်ရေးစင်္ကြံ၏ ကုန်သွယ်မှုသည် ကုန်သေတ္တာ စုစုပေါင်း TEU တစ်သန်းအထိ မြင့်တက်ခဲ့

တရုတ်မီးရထားနန်နင်းအုပ်စု(China Railway Nanning Group)၏ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံ အနောက်ပိုင်း ဒေသများ၏ ကမ္ဘာ့ဈေးကွက်များသို့ ဆက်သွယ်ပေးထားသည့် အဓိကကုန်စည်ပို့ဆောင်ရေး ကွန်ရက်တစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာကုန်းလမ်း-ရေလမ်းကုန်သွယ်ရေးစင်္ကြံလမ်းကြောင်းသစ်(New Internatio nal Land-Sea Trade Corridor)၏ ယခုနှစ်အတွင်း ကုန်သွယ်မှုပမာဏသည် TEU (ပေ ၂၀ ကုန်သေတ္တာ)၁ သန်းကျော်ရှိလာပြီး စံချိန်တင် မြင့်တက်မှုကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရှိရသည်။

၂၀၂၅ ခုနှစ်အတွင်း အဆိုပါလမ်းကြောင်းတစ်လျှောက်မှတစ်ဆင့် ကုန်စည်အရေ အတွက် TEUs ၁,၀၀၁,၄၅၅ အထိ ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့ပြီး ယခင်နှစ်ထက် ၇၂ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့သည်။ အဆိုပါလမ်းကြောင်း စတင်ဖွင့်လှစ်

လည်ပတ်ခဲ့သည့် ၂၀၁၇ ခုနှစ်အချိန်မှစ၍ နှစ်စဉ် ကုန်သွယ်မှုပမာဏသည် TEUs ၁ သန်း အမှတ်ကို ပထမဆုံးအကြိမ် ကျော်လွန်ခြင်းဖြစ်သည်။

Belt and Road Initiative ၏ အရေးပါသောစီမံကိန်းတစ်ခုအဖြစ် အပြည်ပြည်ဆိုင်ရာ ကုန်းလမ်း-ရေလမ်း ကုန်သွယ်ရေးစင်္ကြံလမ်းကြောင်းသစ်သည် တရုတ်နိုင်ငံအနောက်ပိုင်းဒေသများ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်နှင့် ထိုဒေသများ၏ အဆင့်မြင့်ဖွင့်လှစ်မှု(high-level opening-up)ကို ပံ့ပိုးပေးရန်အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

မီးရထားလုပ်ငန်းလုပ်ကိုင်သူများသည် ယင်းစင်္ကြံလမ်းကြောင်းတစ်လျှောက် ရထားဝန်ဆောင်မှုကွန်ရက်ကို ဆက်လက်တိုးချဲ့လျက်ရှိသည်။ လက်ရှိတွင် ရထားလမ်းကြောင်း ၂၄ ခုကို ပုံမှန်ချိတ်ဆက်လည်ပတ်လျက်ရှိသည်။ ၎င်းတို့အနက် ၁၄ ခုသည် တရုတ်နိုင်ငံတောင်ပိုင်း၊ ကွမ်ရှီကျွမ်း(Guangxi Zhuang)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရှိ Beibu Gulf ဆိပ်ကမ်းနှင့် နယ်မြေဆက်စပ်လျက်ရှိသည့် ကွမ်တုံပြည်နယ်(Guangdong) ရှိ Zhanjiang ဆိပ်ကမ်းတို့မှ ချုံချင့်(Chongqing)နှင့် ချန်ဒူ(Chengdu) ကဲ့သို့သော တရုတ်အနောက်ပိုင်းဒေသရှိ အဓိကကုန်းတွင်းပို့ဆောင်ရေးဗဟိုဌာနများသို့ ဆက်သွယ်ပေးထားသည်။

တရားဝင်စာရင်းဇယားများအရ ၂၀၁၇ ခုနှစ်၊ ဖွင့်လှစ်ခဲ့သည့်အချိန်မှစ၍ အဆိုပါလမ်းကြောင်းမှတစ်ဆင့် ကုန်စည်ပမာဏ TEU ၄.၇ သန်းကျော်ပို့ဆောင်ပေးနိုင်ခဲ့ပြီး ယင်းကုန်စည်အရေအတွက်သည် နှစ်စဉ် ၇ဏန်းနှစ်လုံးနှုန်းဖြင့် ပုံမှန်တိုးမြှင့်မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရှိရသည်။

ရထားလမ်း-ရေလမ်းပေါင်းစပ်ပို့ဆောင်ရေးဝန်ဆောင်မှုမှတစ်ဆင့် ကုန်သွယ်ရေးစင်္ကြံကိုဖြတ်၍ ပို့ဆောင်သော ကုန်စည်များတွင် အီလက်ထရွန်းနစ်ပစ္စည်းများ (electronics)၊မော်တော်ယာဉ်များနှင့်မော်တော်ယာဉ်အပိုပစ္စည်းများ(auto parts) ၊ စက်ကိရိယာများ(machinery)၊ အိမ်သုံးပစ္စည်းများ (household appliances)နှင့် အစားအစာများ(food)ပါဝင်သည်။

**အရင်းမြစ်။ https://en.people.cn/n3/2025/0906/c90000-20362953.html**

**(လျှန်ရှန်းမုန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့)**

## ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု သိသာစွာကျဆင်း



ယခုနှစ်တွင် ဈေးကွက်ယှဉ်ပြိုင်မှုများ ပြင်းထန်လာပြီး ငွေကြေးတန်ဖိုးမြင့်မားမှု လေဆန်ခရီးနှင့် ကြုံတွေ့နေရခြင်းက ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်းကို ထိခိုက်စေပြီး ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုမှာ သိသာစွာကျဆင်းလျက်ရှိခဲ့သည်ဟု အမေရိကန် စိုက်ပျိုးရေးဦးစီးဌာနရှိ နိုင်ငံခြားစိုက်ပျိုးရေး ဝန်ဆောင်မှုလုပ်ငန်း (Foreign Agricultural Service - FAS) က အစီရင်ခံဖော်ပြထားပါသည်။

စက်တင်ဘာ ၃ ရက်နေ့၌ FAS က ထုတ်ပြန်သော အဆိုပါအစီရင်ခံစာအရ ယခုနှစ်အစမှ ဩဂုတ် ၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် တန်ချိန် ၃.၈၇ သန်းရှိပြီး ယခင်နှစ် အလားတူကာလ တင်ပို့ခဲ့မှုနှင့် နှိုင်းယှဉ်ပါက ၂၆ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ရလဒ်အားဖြင့် ကမ္ဘာ့ ဆန်တင်ပို့မှု အများဆုံးနိုင်ငံများအနက် ယခင်က ဒုတိယနေရာတွင်ရှိရာမှ အိန္ဒိယနှင့် ဗီယက်နမ် တို့၏နောက်၌ တတိယနေရာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယမှဆန်များ သက်သာသောဈေးနှုန်းဖြင့် ဈေးကွက်သို့ ပြန်လည်ဝင်ရောက်လာခြင်း၊ ဖိလစ်ပိုင်နှင့်အင်ဒိုနီးရှားတို့ အပါအဝင် အဓိကဝယ်လက်နိုင်ငံများ၏ ဆန်ဝယ်လိုအား လျော့ကျလျက်ရှိခြင်းတို့က ထိုင်းဆန်တင်ပို့မှု ကျဆင်းစေရန်

ပင်မတွန်းအားပေးသည့်အချက်များဖြစ်သည်ဟု FAS က ပြောဆိုထားသည်။ ထို့အပြင် ထိုင်းဘတ်ငွေ၏ တန်ဖိုး အတက်အကျ ပြောင်းလဲမှုကလည်း ထိုင်းဆန်၏ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်းကို အနှောင့်အယှက်ပြုလျက်ရှိကြောင်း ဖော်ပြထားသည်။ ဆန်တင်ပို့မှုလုပ်ငန်းနယ်ပယ်မှ အရင်းအမြစ်များ၏ ပြောကြားချက်အရ အမေရိကန်နိုင်ငံ၏ အကောက်ခွန်နှုန်းထားပြောင်းလဲမှုသည် ပရီမီယံအဆင့်အတန်းရှိသော စံပယ်ဆန်မွှေးတင်ပို့မှုတွင် ဈေးနှုန်းမတည်ငြိမ်မှုများကိုဖြစ်ပေါ်စေကြောင်း သိရသည်။

လယ်သမားများ၏ ဝင်ငွေရရှိမှုမှာလည်း စိုးရိမ်ဖွယ်ရာ အခြေအနေသို့ရောက်ရှိလာပြီး ဩဂုတ်လအတွင်း အဓိက စပါးအမျိုးအစားများ၏ လယ်ယာလုပ်ငန်းခွင်မှ ရောင်းချသည့်ဈေးနှုန်းများသည် ကျဆင်းမှုဖိအားများအောက်၌ တည်ရှိနေခဲ့သည်။ ပြည်တွင်း စပါးဈေးနှုန်းများသည် သမိုင်းမှတ်တမ်း ကာလတစ်လျှောက် ဆက်လက်နိမ့်ကျလျက်ရှိပြီး ပို့ကုန်ဈေးနှုန်းများ ကျဆင်း ခြင်း၊ ထုတ်လုပ်မှုစရိတ် မြင့်မားခြင်းနှင့် ပို့ကုန်ဝယ်လိုအား ကျဆင်းနေခြင်းတို့ကြောင့် အထူး သဖြင့် ပရီမီယံအတန်းအစားမဟုတ်သော စပါးမျိုးများကို စိုက်ပျိုးသည့် တောင်သူများအတွက် ငွေကြေးကျပ်တည်းမှုကို ဖြစ်ပေါ်စေကြောင်း FAS က ဖော်ပြထားသည်။

၂၀၂၅-၂၆ ဈေးကွက်ရာသီနှစ်အတွင်း နစ်နာဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်နှင့် စိုက်ပျိုးထုတ်လုပ်မှု တည်ငြိမ်စေရန်အတွက် ဘတ်ဂျက်ရန်ပုံငွေ ဘတ် ၃၇ ဒသမ ၉ ဘီလီယံ (ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံခန့်) ကျခံသုံးစွဲလျက် စပါးဈေးနှုန်းတည်ငြိမ်စေရေး အစီအမံများကို ချမှတ်ဆောင်ရွက်မည်ဖြစ်သည်ဟု ထိုင်းအစိုးရက ဩဂုတ် ၁၉ ရက်နေ့တွင် ထုတ်ပြန်ပြောဆိုထားသည်။ အစိုးရသည် ၂၀၂၄-၂၀၂၅ ခုနှစ် ရာသီချိန်ပြင်ပ စပါးသီးနှံ ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ဘတ်ငွေ ၇ ဒသမ ၃ ဘီလီယံကို ကျခံသုံးစွဲခဲ့ပြီးဖြစ်သည်။ ထိုင်းအစိုးရ၏ အစီအစဉ်အရ အကျုံးဝင်သည့် လယ်သမားမိသားစုများသည် စပါးစိုက်ဧရိယာ ၁ ရိုင်လျှင် ဘတ်ငွေ ၁၀၀၀ နှုန်း (၁ ဟက်တာလျှင် ၄ ဒသမ ၉ ဒေါ်လာနှုန်း) ဖြင့် အိမ်ထောင်စုတစ်ခုလျှင် အများဆုံး ဘတ်ငွေ ၁၀၀၀၀ (၃၀၉ ဒေါ်လာ) အထိ ထောက်ပံ့ကြေးရရှိမည်ဖြစ်ကြောင်း၊ ၎င်းအစီအစဉ်သည် စပါးစိုက်တောင်သူမိသားစုပေါင်း ၅ ဒသမ ၄၉ သန်းကျော်အတွက် လွှမ်းခြုံမှုရှိမည်ဖြစ်ကြောင်း သိရသည်။

**Source:World-Grain.com,8Sept2025**

(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

https://www.doca.gov.mm/

## အုန်းပင်စိုက်ပျိုးမှုအား ၂၀၂၇ ခုနှစ်တွင် ဧက ၅၀,၀၀၀ အထိ တိုးချဲ့သွားမည် သီရိလင်္ကာနိုင်ငံ



သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းခရိုင်တွင် အုန်းပင်စိုက်ပျိုးမှုအား ဒေသအတွင်း ထုတ်လုပ်မှုမြှင့်တင်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၂၇ ခုနှစ်တွင် ဧက ၅၀,၀၀၀ အထိ တိုးချဲ့ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အစိုးရဝန်ကြီးတစ်ဦးက ဩဂုတ်လ ၂၅ ရက်နေ့တွင် ပြောကြားခဲ့သည်။ ကိုလံဘိုမြို့ရှိ သတင်းစာရှင်းလင်းပွဲတွင် စိုက်ခင်းနှင့်လူထုအခြေခံအဆောက်အအုံဝန်ကြီး Samantha Viddyarathna က မြောက်ပိုင်းခရိုင်ရှိ Puthukkudiyiruppu တွင် ဖွင့်ပွဲအခမ်းအနားဖြင့် စက်တင်ဘာ ၂ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဝန်ကြီး၏အဆိုအရ ၂၀၂၅ ခုနှစ်တွင် ပြည်နယ်အတွင်းရှိ ဧက ၁၆,၀၀၀ အား အုန်းပင်များ စတင်စိုက်ပျိုးမည်ဖြစ်သည်။ ဒေသ၏ ရာသီဥတုနှင့်မြေအခြေအနေသည် စိုက်ပျိုးရန် အလွန်သင့်လျော်မှုရှိကြောင်း ၎င်းကမှတ်ချက်ပြုခဲ့သည်။ အစိုးရသည် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့်ပူးပေါင်းကာ အုန်းသီးမှပို့ကုန်ဝင်ငွေကို ၂၀၃၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံအထိ တိုးမြှင့်သွားရန် ရည်မှန်းထားသည့် ငါးနှစ်စီမံကိန်းကို ပြင်ဆင်ထားကြောင်း Viddyarathna က ပြောကြားခဲ့သည်။ အုန်းသီးသည် သီရိလင်္ကာ၏ အဓိက ပို့ကုန်သီးနှံများထဲမှ တစ်ခုဖြစ်သည်။ တရားဝင်အချက်အလက်များအရ

အုန်းသီးနှင့် အုန်းအခြေခံထုတ်ကုန်များသည် ၂၀၂၄ ခုနှစ်တွင် ပို့ကုန်ဝင်ငွေဒေါ်လာ ၈၆၄ ဒသမ ၃ သန်းရရှိခဲ့ကြောင်း သိရပါသည်။

**Source : Xinhua**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (15.9.2025)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 15th Sep. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,773 (Shares) | 18,994,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 329 | 2,434,600 | 33,109,694 | 245,012 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,100 | 3,150 | 3,100 | 2,916 | 9,165,400 | 38,929,150 | 122,627 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 0 | 0 | 10,400,986 | 76,967 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 500 | 975,000 | 29,664,613 | 57,846 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 350 | 927,500 | 12,823,224 | 33,982 |
| EFR | 00006 | 1,900 | +0 | +0.00% | 1,800 | 1,900 | 1,800 | 2,339 | 4,373,500 | 19,977,223 | 37,957 |
| AMATA | 00007 | 3,300 | +50 | +1.54% | 3,250 | 3,300 | 3,250 | 21 | 68,800 | 10,497,598 | 34,642 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 318 | 1,049,400 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 15th Sep. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.54 | +0.28 | +0.08% | 363.23 | 364.54 | 362.17 | 6,773 | 18,994,200 | 8 | 687,589 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 15th Sep. 2025

| Trading Volume | Trading Value |
|---|---|
| 7,843 (Shares) | 21,895,200 (MMK) |

## Main Board

As of 1:00 pm, 15th Sep. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,773 (Shares) | 18,994,200 (MMK) |

| MYANPIX | 364.54 ▲ 0.28 |
|---|---|
| Total Volume (shares) | 6,773 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 687,589 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 1,900 | ▲ 0 |
| AMATA | 00007 | 3,300 | ▲ 50 |
| MAEX | 00008 | 3,300 | ▲ 0 |

TIR